
0dnmOfa7;7mpmapmm

ငါ၏လူမျိုး ငါ့လူစုတို့ ငါ့စကားကို နားထောင် နာယူကြလော့။
ငါ့ထံမှ တရားထွက်၍ ငါစီရင်ချက်သည် လူများ လင်းစရာအဖို့ တည်ရလိမ့်မည်။
ယေရှာယ ၅၁း၄

အမှတ်စဉ် (၆၈) ဧပြီလ ၂၀၀၇ ခုနှစ် မွေးဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် )

## အခွံ

'ရှင်မတောင်' သနပ်ခါး ၊ မိတ်ကပ် ပါးပါးနဲ့
အပေါ်ယံ အသားကို ၊ ရွှေ လို ဝင်း သွားအောင်
နှစ်ရှည် လများ ၊ လိမ်းကျံ ထားလဲ ...
စပါးလုံး တစ်ထောက် ၊ အရေပြား အောက်မှာ
ပုပ်ပွ ဖောက်ပြန်တတ်တဲ့ ၊
အသွေး နဲ့ အသားတွေ ရှိနေသေးတယ် ။
ဒီပလိုမာ ဒီဂရီ ၊ မာစတာ ဘွဲ့တွေ အစီအရီနဲ့
နှစ်ပေါင်း ရှည်ကြာ ၊ အတတ် ပညာကို
ငွေကုန် အချိန်ကုန် ၊ အစွမ်းကုန်ခံ သင်ယူပြန်၍
ပါရဂူ ဘွဲ့ စံ နေပေမဲ့ ...
ဗီဇ ဦးနှောက် ၊ ဦးခွံ အောက်မှာ
မသင် ဘဲ တတ် ၊ ဂုဏ်ထူး အထပ်ထပ်နဲ့
မိစ္ဆာ ဉာဏ်တွေ ရှိနေသေးတယ် ။
ဘုရားကျောင်းကန် ၊ သွားမြဲ မှန်၍
ဥစ္စာ ထောင် သောင်း ၊ သွန်းလှူ လောင်းကာ
တရား သမ္မာ ကျမ်းဂါထာကို ၊ နှုတ်က တတွတ်တွတ် ရွတ်နေပေမဲ့ ...
နှလုံးသား မှာ ၊ ဘုရား မပါရင် ၊ ဝိညာဉ် ဗလာ ရုပ်ခန္ဓာဟာ
'အခွံ ' ချည်းသက်သက် ရှိနေသေးတယ် ။



( မင်းအောင်သက်လွင် )

---



## ဘဝဆုတောင်း

အို ထာဝရဘုရား ...
တပည့်တော် ဘဝမှာ
ဝမ်းနည်းစရာ မလာစေကြောင်း ဆုမတောင်းလိုပါ ။
ဝမ်းနည်းမှုကို ရင်မှာ မြိုသိပ် တိတ်တဆိတ်နှင့်
ကြိတ်ခံလိုသော စိတ်သဘောကိုသာ ပေးသနားပါ ။
တပည့်တော် ဘဝမှာ
လောကဓံလှိုင်း မုန်းမုန်တိုင်းတို့ မတိုက်ဖို့ကို ဆုမတောင်းလိုပါ ၊
လှိုင်းဒဏ်ကိုခံ မုန်းမာန်ကို လည်စင်း
တင်းခံနိုင်သော စိတ်သဘောကိုသာ ပေးသနားပါ ။
တပည့်တော် ဘဝမှာ
ပြဿနာ ဒုက္ခ မတွေ့ရကြောင်း ဆုမတောင်းလိုပါ ၊
ကြုံတွေ့ ဒုက္ခ ရှိသမျှကို မျက်ရည်စိုနှင့်
ခံလိုသည့် သတ္တိ ၊ ရှိရန်ကိုသာ ပေးသနားပါ ။



တပည့်တော် ဘဝမှာ
ဒေါသနေပူ မျက်ရည်ဆူဝေ ကန္တာရွှေမင်း
ရှောင်ကွင်းစေကြောင်း ဆုမတောင်းလိုပါ ၊
နေရောင်ခြည်အောက် မျက်ရည်ပေါက်ကျ သောကတို့ကို
ခံလိုသော မနော စိတ်သဘောကိုသာ ပေးသနားပါ ။
တပည့်တော် ဘဝမှာ
ခရောင်းတောနှင့် ဆူးနှောသောလမ်း ခရီးကြမ်းကို
ရှေ့မဆက်လိုကြောင်း ဆုမတောင်းလိုပါ ၊
ဆူးစူးသည့် ဒဏ် ၊ သည်းခံနိုင်သော စိတ်သဘောကိုသာ ပေးသနားပါ ။
တပည့်တော် ဘဝမှာ
ကြင်နာသူဝေး ချစ်သူစွန့်သွားပြီး ပူဆွေးထီးကျန်
သည်းကွဲဒဏ်ကို မခံရကြောင်း ဆုမတောင်းလိုပါ ၊
ဖော်မဲ့ ထီးကျန် သည်းကွဲဒဏ်ကို ခံရသည့်အခါ
ဖြေဆည်ရာအလား ဘဝ ဆုတောင်းကိုသာ ပြုလိုပါ၏
ထာဝရဘုရား။ ။( ရှို့ခ်မေရီ ၊ နယ်လီဇော် )

---

## အိမ်သို့

လွမ်းတဲ့ စိတ်ကို ရင်မှာ သိမ်းလို့ ၊ ဖျော့တော့ မျက်ဝန်း
ဝေ့သီ မျက်ရည်ကြားက ၊ ကိုယ့်ရဲ့ ရင်သွေး သားလှ ရွှေသွေးကို
စိတ်ဖြောင့်စေရန် အားယူ ပြုံးပြ ၊ ဖေ နဲ့ မေရဲ့ မျက်နှာလှလှ ချိုမြမြကို
ရင်မဆိုင်ရဲလို့ လှည့်ထွက်ခဲ့ပြီ မေမေ ။
သို့ပေမဲ့လဲ ...
မေမေ နှုတ်ဖျား မြွက်ဆိုကြားတဲ့ စကားတစ်ခု အင်အားစုလို့
နားတွင်း တဆင့် ရင်တွင်းထိုးဖောက် မွှေနှောက်ခဲ့ပြီ မေ
"မေမေ့ သားကြီး 'နှစ်' 'ရက်' စေ့ရင် ပြန်လာခဲ့တော့နော်တဲ့"
မေမေ ...

* ဟမ်ဘာဂါ တွေ စားနေရလဲ ၊ သားတို့ လမ်းထိပ် ဆိုင်သေးသေးက
  အန်တီဝင်းရဲ့ ခေါက်ဆွဲသုတ်ဘဲ တမ်းတတယ်မေ ။
* **Starbucks coffee** ဆိုင်က ကော်ဖီ ခါးခါး ပြင်းရှရှကို ဈေးကြီးကြီးပေး
  **Style** ကြီး တခွဲသားနဲ့ သောက်နေရလဲ ၊
  ကိုကျော်ကြားဆိုင်က လက်ဘက်ရည် ချိုချိုလေးလောက်
  အရသာ မရှိဘူး မေ။
* ရောင်စုံမီးနဲ့ စီးကရက်ခိုး တွေကြား ဒိုးဒိုးဒန့်ဒန့် ခုန်ပေါက်နေတဲ့
  ဒစ္စကို အက တွေ မြင်တိုင်း ၊
  လမ်းရဲ့ ထိပ်နား ဘုံဆိုင်ပါးက ကိုကျော်ဝင်းရဲ့ ဂီတာအိုနဲ့ သံစဉ်ချိုလေး
  တွေကို ပြန်နားထောင်ချင်တယ် မေ ။
* ညနေ နေစောင်း လူအပေါင်းတို့ အလုပ်ပြန်ချိန်ရောက်ပြီဆိုရင်လေ
  ထမင်းထည့်ချိုင့် ကိုယ်စီပိုက်လို့ ချစ်သူလက်ဖျား အေးနေမလားလို့
  တွေးကာ ကိုင်ကြည့် ၊ ကြည်နူးနေကြ သူတို့ဘဝကို မြင်နေရတော့ –
  **SIN** မြို့တော်မှာ သားလှ 'ရွှေ' တို့ အလုပ်ပြန်ချိန်နဲ့ ကွာပါဘိမေရယ် ။
  စားရေး၊ သောက်ရေး၊ ဝမ်းစာရေးအတွက် ဖယ်ရီကားကြီး လုယက်စီးလို့
  ပြေးလွှားနေရ ကိုယ့်ဘဝကို သုံးသပ်မိတယ်မေ ။
  ကြာဇံ ခေါက်ဆွဲ ၊ ကော်ဖီကျဲကို ကြိတ်မှိတ် မြိုချပြီးခဲ့ရတဲ့
  ခြသေ့်မြို့ရဲ့ နံနက်စာနဲ့ ...
* ပဲပြုတ်ပူနွေး ထမင်းအေးကို ဆီဆမ်း လွေးမဲ့
  အမေ့ အိမ်က နံနက်စာဘဲ တမ်းတတယ် မေ ။
* မေတ္တာ စေတနာ လွတ်လပ် ခေါင်းပါး ၊ ဒီ **SIN** သားတွေနဲ့
  ပိုက်ဆံ ပိုက်ဆံ လက်စုံမိုးလို့ ရှိခိုးနေကြ သူတို့ဘဝ ၊ ဘုရားမသိ တရားမရှိ
  ကိုးကွယ်ရာ နတ္ထိမို့ ငရဲလမ်း ဆိုတာလဲ မကြောက်ရွံ့တော့ပါဘူး မေ ။
  လင်းရောင် ဖျော့မှိန် နေဝင်ချိန်ကို အားယူတက်ကြွ ပျံသန်းနေကြတဲ့
  ငှက်ကလေး တွေနဲ့ အတူ စကားစု တစ်ခု ပါးလိုက်ပါရစေ မေ။
  " သားမောင် ပြန်လာတော့မယ် မေ "။ ။( ဒီလျှိုင်း )

---

## သူလိုလူ (ရေကြည်)

ထာဝရဘုရားသည် လောက၏ အမြင့်မြတ်ဆုံးသော ဘုရင် ဖြစ်တော်မူသည်။ သက်ရှိသက်မဲ့ အရာအားလုံးသည် အဖဘုရား၏ အလိုတော်အတိုင်းသာ ဖြစ်ပျက် တည်နေရကြ၏။ မသေချင်သေးသော သူများသည်လည်း မည်မျှပင် ချမ်းသာ၍ မည်မျှပင် တိုးတက်နေကြပါစေ၊ မသေအောင် တားဆီး ကုသ၍ မရပေ။ မိမိ ဖြစ်ချင်တာကို အစိုးပိုင်၍ လုပ်မရ၊ အသက် တည် ရှိနေစဉ်လဲ မိမိခံစားနေရသော ဒုက္ခဝေဒနာကို အခြားသူများ မျှဝေခံစား မရ၊ သေချင်တိုင်း (ပျက်ချင်တိုင်း) သေခွင့်မရ။ မိမိ၏ ကောင်းမှု

**(Merit)** မကောင်းမှု **(Demerit)** ပေါ်မူတည်၍ ဘုရားသခင်၏ စီရင်ခြင်းကိုခံရကြ၏။ ဘုရားသခင်သည်သာ သစ္စာရှိစွာ စီရင်တတ်၏။ အလုံးစုံကို ကိုယ်တော်တိုင် စစ်တော်မူ၏။ သူ့သားသမီး၊ ငါ့သားသမီး မခွဲခြား၊ ဘုရားသခင် အလိုတော် ရှိမှသာ သားသမီးလည်း ရကြ၏။ ထို့ကြောင့် လူသားတိုင်းသည် ဘုရားသခင် ၏ သားသမီးများ ဖြစ်ကြ၏။

ဤအရာဟာ ကျွန်မရဲ့ ယုံကြည်ချက်ဖြစ်ပါတယ်။ ထိုယုံကြည်ချက်ကို ပို၍ ထင်ရှားစေခဲ့သော နေ့တစ်နေ့ကို ကျွန်မ တစ်သက် မမေ့နိုင်တော့ပါ။ ကျွန်မ စင်ကာပူနိုင်ငံမှာ အလုပ်လုပ်စဉ်က အဖြစ်အပျက်ကလေး တစ်ခုဖြစ်ပါတယ်။

သူများဆီမှာ အလုပ်လာလုပ်ရတဲ့ ကျွန်မတို့ရဲ့ ဘဝဟာ အလုပ်ရှင် ခွင့်ပြုချက်ပေးတဲ့အချိန်မှ အပြင်ထွက်ခွင့် ရခဲ့ပါတယ်။ တနင်္ဂနွေလို ရက်မျိုးမှာ သူတို့ ထွက်ခွင့်ပေးတဲ့ အချိန်က နေ့ခင်းပိုင်းလဲ ဖြစ်ပြန်၊ အချိန်တိုလေးလဲ ဖြစ်ပြန်ဆိုတော့ နေ့လည်ပိုင်း ဘုရားဝတ်ပြုတဲ့ အသင်းတော် တွေကို ကျွန်မ ရှာဖွေတက်ခဲ့ရပါတယ်။ အချိန် လုံးဝမရတဲ့ အချိန်မှာ ကိုယ်သွားချင်တဲ့ မြန်မာ ဘုရား ရှိခိုးကျောင်းတွေဆီ မသွားနိုင်တော့ဘဲ နီးစပ်ရာ စင်ကာပူ နိုင်ငံသား ဘုရား ကျောင်းတွေမှာဘဲ အဆင်ပြေသလို ဆုတောင်းဝတ်ပြုခဲ့ရတာတွေလဲ ရှိပါတယ်။

ဒီလိုနဲ့ တစ်နေ့မှာ အချိန်မမီ တော့တာမို့ ကျွန်မသွားမဲ့နေရာနဲ့ လမ်းကြောင်းတည့်တဲ့ နေရာနားက စင်ကာပူနိုင်ငံသားတွေ ဝတ်ပြုတဲ့ ဘုရားကျောင်းလေးမှာ ကျွန်မ ဝင်ပြီး ဆုတောင်းဝတ်ပြုခဲ့ပါတယ်။ ဘုရားဝတ်ပြုဖို့ အချိန် နည်းနည်းလိုသေးတာမို့ ကျောင်းဝင်းထဲမှာ လူလဲရှင်းနေပါတယ်။ ကျွန်မလဲ အချိန် သိပ်မရတဲ့အတွက် အပေါက်နားနီးတဲ့ နောက်ဆုံး ခုံတန်းလေးမှာ လွယ်လာတဲ့ ဟန်းဘက်အိတ်ကြီးကို ချပြီး ဒူးထောက် ဆုတောင်းနေလိုက်ပါတယ်။ ၁၀မိနစ်လောက် ဘုရားအာရုံပြု ဆုတောင်းပြီးသွားတာမို့ ခုံတန်းလျားပေါ် ထိုင်မယ်အလုပ်မှာ ဘေးနားမှာ ချထားခဲ့တဲ့ အိတ်ကြီးကို သတိရပြီး ကြည့်လိုက်တော့၊ အိတ် မရှိတော့ပါဘူး။ တစ်ယောက်ယောက်က လမ်းပိတ်လို့ တစ်နေရာရာမှာ သွားချထားတယ် ထင်ပြီး နီးစပ်ရာ တခြား ခုံတန်းလျားတွေကို ကျွန်မ လိုက်ကြည့်မိပါတယ်။ လုံးဝ မတွေ့တော့ ပါဘူး။

ရှာလို့ မတွေ့တဲ့ အဆုံးမှာတော့ အဲဒီဘုရားကျောင်းရဲ့ သင်းထောက် လူကြီးတွေဖြစ်ဟန်တူတဲ့ ဦးလေးကြီး လင်မယားကို ချထားခဲ့တဲ့ ကျွန်မ အိတ် တွေ့မိသလားဟု မေးကြည့်ရာ သူတို့က မဖြေဘဲ၊ ကျွန်မကို ဘာဖြစ်တာ လဲလို့ ပြန်မေးနေကြ၍ ကျွန်မ ဒီဘုရားကျောင်းထဲ ရောက်ရှိလာပုံ၊ အိတ်ကို ဘေးနား ချထားပုံ၊ ဆုတောင်းဝတ်ပြုပုံ၊ ဝတ်ပြုအပြီးတွင် ဘေးနား၌ ချထား သော အိတ်ကြီး ပျောက်သွားပုံများကို ပြန်ပြောပြရသေး၏။ သူတို့က ရဲ တိုင်ရန် အကြံပေးသောကြောင့် ရဲ တိုင်ရန် လက်ကိုင်ဖုန်း ခန ငှားရန် ပြောရာ ( ကျွန်မ၏ လက်ကိုင်ဖုန်းမှာ ပျောက်သွားသော အိတ်ထဲတွင် ထဲ့မိ ထား သောကြောင့်) အကြောင်း အမျိုးမျိုးပြ၍ မည်သူမှ ဖုန်း မငှားဘဲ ရဲစခန်းသို့ သွားရန်သာ ပြောကြသည်။ နောက်ဆုံးတွင် ကျွန်မက “ဒီဘုရားကျောင်း ထဲမှာ ရှင်တို့လဲ ခရစ်ယာန်၊ ကျွန်မလဲ ခရစ်ယာန်၊ ဘုရားသားသမီးချင်း အတူတူဘဲ အခု ကျွန်မ ဒုက္ခ ရောက်နေတယ်။ ကျွန်မ စင်ကာပူ နိုင်ငံသား မဟုတ်ဘူး။ နိုင်ငံခြား အလုပ် သမား၊ ဒီဘုရားကျောင်းမှာ လာပြီး ဘုရား ဝတ်ပြုနေတုံး ပြဿနာတွေ့ရတာ ခရစ်ယာန် အချင်းချင်း ဘယ်သူမှ မကူညီနိုင်ကြဘူးလား။ ရဲစခန်း ဘယ်နားမှာ ရှိသလဲဆိုတာ ကျွန်မ မသိဘူး။ သွားလဲ မသွားတတ်ဘူး” လို့ ပြောလိုက်မှဘဲ ဘုရားကျောင်းထဲက စုံတွဲတစ်တွဲက သူတို့ကားနဲ့ ကျွန်မကို ရဲစခန်း လိုက်ပို့ပေးပါတယ်။

ရဲစခန်းမှာ ရီပို့ တင်ခဲ့ပြီး သူတို့ကားနဲ့ဘဲ ပြန်လာခဲ့ကြပါတယ်။ ပျောက်သွားတဲ့ အိတ်ထဲမှာ ကျွန်မရဲ့ ဖုန်း ပါ ပါသွားလို့ မိတ်ဆွေ သူငယ်ချင်းတွေရဲ့ ဖုန်းနံပါတ်ကို အလွတ်မရတဲ့အတွက် ဘယ်သူ့ကိုမှ အသိပေးလို့ မရတော့ပါဘူး။ နောက်ဆုံး အရင်းနှီးဆုံး သူငယ်ချင်းတစ်ယောက်ရဲ့ ဖုန်းနံပါတ်ကို အလွတ် ရတဲ့အတွက် ပစ္စည်း ပြန်ရခဲ့သော် ဆက်သွယ်နိုင်ရန် အဲဒီ ဖုန်းနံပါတ်ကိုဘဲ ရဲစခန်းကို ပေးထားခဲ့ပါတယ်။ ရဲစခန်း လိုက်ပို့သော စုံတွဲက လွန်ခဲ့သော လေးနှစ်က သူတို့လဲ ပျောက်ဖူးကြောင်း၊ ပြန် မရကြောင်း ပြောပြပြီး ဘုရားသခင်ဆီသာ ဆုတောင်းရန် ပြောကြားခဲ့ပါတယ်။ အကြွေအိတ်လေးပါ ပျောက်တဲ့ အိတ်ကြီးထဲ ပါသွားတဲ့အတွက် လမ်းဘေးဖုန်းနဲ့ သူငယ်ချင်းတွေဆီ အကြောင်းကြားဖို့တောင် ဆယ်ပြားစေ့တွေ မရှိတော့ပါ။ ဘုရားကျောင်းမှ စင်ကာပူနိုင်ငံရှိ မြန်မာဈေးဆိုင်များရှိသော ပင်နီစူးလား ပလာဇာသို့ ကုန်းကြောင်းလျှောက်လာခဲ့ပြီး၊ သူငယ်ချင်းထံမှ ငွေချေးကာ ဖုန်းအသစ်တစ်လုံး ပြေးဝယ်လိုက်ရပါတယ်။ ဘုရားကျောင်းထဲမှာ ဘုရားရှိခိုးနေတုံး အိတ် ပျောက်သွားတဲ့အကြောင်း ဖုန်းနဲ့ ငွေများပါ ပါသွားကြောင်း သူငယ်ချင်း များထံ လှမ်း၍ သတိပေးလိုက်ပါတယ်။ သူငယ်ချင်းများကလဲ ကျွန်မရဲ့ ဖုန်းအဟောင်းကို ခေါ်ကြည့်ပေမဲ့ ထူးသူ မရှိဘဲ ဖုန်းမြည်ကြောင်း လှမ်းပြောကြပါတယ်။ အိမ်ကို ပြန်ရောက်တော့ အိမ်က လူတွေက ကျွန်မ ပြောစကားကို မယုံချင်ကြပါ။ သူတို့လဲ ရွှေပျောက်ဖူးကြောင်း၊ ပြန်မရကြောင်း ပြောပြပါတယ်။ နောက်ဆုံးတော့ အိတ်ကို လွယ်မထားတဲ့ ကျွန်မကို ဘဲ အပြစ် ဝိုင်းတင်ကြပါတယ်။

ကျွန်မကလဲ ကြက်ခေါင်းဆိတ် မခံ၊ ငါတို့နိုင်ငံမှာရော၊ ဒီစင်ကာပူမှာ ရှိတဲ့ တခြားဘုရားကျောင်းတွေမှာရော ဘုရားကျောင်းထဲ ဘုရားဝတ်ပြုရင် ဒီလို လက်ဆွဲအိတ် အကြီးကြီးကို လွယ်ထားစရာ မလိုပါဘူး။ ကိုယ့်ဘေးနားချထားရင် ဘယ်သူမှလဲ လာမယူပါဘူး။ စင်ကာပူမှာ ဆေ့ဖ်တီး **(Safety)** ကောင်းတယ်ဆို လို့ပြန်ပြောလိုက်မိပါတယ်။ ဘယ်သူတွေ ဘယ်လိုဘဲ ပြောကြပါစေ၊ ဘုရားကျောင်းထဲမှာ ဘုရားရှိခိုးနေတုံး အိတ် ပျောက်သွားတာဖြစ်တဲ့အတွက် အကြောင်းတစ်စုံတစ်ခု၊ နိမိတ်လက္ခဏာ တစ်ခုခု ရှိရမယ်၊ ဖြစ်ရမယ်လို့ ကျွန်မ ယုံကြည်နေမိပါတယ်။

နောက်တစ်နေ့ သိတင်းကြားတဲ့ သူငယ်ချင်းတစ်ယောက်က ဖုန်းဆက်မေးတော့ ကျွန်မ ဝမ်းနည်းလို့ ငိုပြီး ပြန်ပြောမိတယ် “ကျွန်မ အိတ်ခိုးသွားတဲ့ သူခိုးကို ဖမ်း မမိပါစေနဲ့လို့ ဆုတောင်းပါတယ်။ အဓိက တန်ဖိုးရှိတဲ့ ဒယ်ဒီနဲ့ မာမီရဲ့ အမှတ်တရ ပစ္စည်းလေး နှစ်ခုဘဲ ပြန်ရရင် တော်ပါပြီ။ ရွှေလဲ ပြန်ဝယ်လို့ရတယ်၊ ဖုန်းလဲ ပြန်ဝယ်ပြီးသွားပြီ။ ပိုက်ဆံကတော့ ပြန်မရနိုင်တော့ဘူးဆိုတာ သိလို့ လုံးဝကို မမျှော်လင့်တော့ပါဘူး။ သူ အလစ်သုတ်ပြီး ကျွန်မရဲ့ အိတ်ကို ဆွဲနေတုံးမှာ ကျွန်မ သူ့ကို တွေ့သွားရင် လူဘုံ အလယ် ဘုရားကျောင်းထဲမှာ သူအရှက်ကွဲမယ်။ လူမိသွားရင်လဲ အပြစ်ပေး ခံရမယ်ဆိုတာ သူသိမှာဘဲ။ ငွေတော်တော်လိုနေလို့ မရှက်နိုင် မကြောက်နိုင်ဘဲ ဘုရားကျောင်းထဲမှာတောင် အလစ် ဝင်သုတ်တာ နေမှာပေါ့။ တောင်းစားရင်လဲ လူတွေက သနားပြီးပေးမှာ မဟုတ်မှန်း သိလို့ အရဲစွန့်ပြီး ခိုးတာ နေမှာပေါ့” လို့ ပြောပြ နေမိတယ်။ ကျွန်မ ပစ္စည်းခိုးသွားတဲ့ သူခိုးကို ဘုရားပေးတဲ့ အလင်းနဲ့ ကိုယ့် ညီအစ်ကို မောင်နှမ အရင်းလို ဘေးမသီ ရန်မခဖို့ မေတ္တာပို့ ပြီး ဆုတောင်း ပေးနေမိပါတယ်။



နောက် ၂ ရက်လောက်နေတော့ ကျွန်မ အိတ်ပြန်တွေ့ပြီ လာယူပါလို့ ရဲစခန်းတစ်ခုက ကျွန်မ ပေးခဲ့တဲ့ သူငယ်ချင်းရဲ့ ဖုန်းဆီ ဆက်သွယ်ပါတယ်။ ထိုသူငယ်ချင်းမှာ ထိုနေ့တွင် အပြင်ထွက်ခွင့်မရသော သူဖြစ်သော်လည်း ထူးဆန်းစွာပင် ကျွန်မအိတ် ပြန်တွေ့သော သတင်းကို ကျွန်မအား အချိန်မှီ အကြောင်းကြားနိုင်ခဲ့ပါတယ်။ ကျွန်မ အံ့သြစွာနဲ့ အိတ်ကို ရဲစခန်းမှာ သွားပြန်ယူခဲ့ပါတယ်။

သူခိုးကို ကျွန်မက မေတ္တာထားခဲ့သလို၊ သူခိုးကလဲ ကျွန်မကို သစ္စာရှိစွာဖြင့် သူအသုံးမလိုသော ပစ္စည်းများကို ကျွန်မ လက်ထဲရောက်အောင် ပြန်ပေးခဲ့ပါတယ်။ အကျီတစ်ထည်နဲ့ ငွေတွေအားလုံးကို ယူသွားခဲ့ပေမဲ့ ကျန်တဲ့ ပစ္စည်းအားလုံးကို တစ်ခုမကျန် ကျွန်မဆီ ရောက်အောင် ပြန်ပေးခဲ့ပါတယ်။ လက်ကိုင်ဖုန်းကိုပါ မပျောက်မရှာဘဲ အိတ်ထဲမှာ ပြန်တွေ့ရလို့ သစ္စာရှိသော သူခိုးကို ကျွန်မ အံ့သြမိပါတယ်။ သူခိုးခမျာ ပစ္စည်းအားလုံး ကျွန်မဆီ ပြန် မရောက်ရောက်အောင် ဖန်တီးပြီး ပြန်ပေးခဲ့ရှာပါတယ်။ သူသာ အသိဉာဏ်နည်းပြီး မလိုအပ်တဲ့ ကျွန်မရဲ့ ပစ္စည်းတွေအားလုံးကို လွှင့်ပစ်ခဲ့ရင် ကျွန်မ တန်ဖိုးထားတဲ့ ပစ္စည်းလေးတွေ အားလုံး ဆုံးရှုံးသွားရတော့မှာပါ။ “သူလိုလူ” မျိုး လောကကြီးမှာ ရှိသေးတာဘဲလို့ သူခိုးကို ကျွန်မ အထင်ကြီးသွားမိပါတယ်။ သူနောက်ထပ် ဒီလို အလုပ်မျိုး မလုပ်မိအောင်၊ မလုပ်ဖြစ်အောင် ဘုရားသခင်ရဲ့ မေတ္တာတော်က သူ့ကို လွှမ်းခြုံနေစေဖို့ ဘယ်သူမှန်း မသိတဲ့ သူခိုးကို ကျွန်မ ဆုတောင်းမေတ္တာ ထပ်ပို့လိုက်မိပါတယ်။

တကယ်လိုအပ်နေတဲ့ သူကို အဘဘုရားသခင်က ကျွန်မရဲ့ ငွေတွေ ပေးလိုက်တာဘဲ မေတ္တာထားလိုက်တဲ့ ငါ့ကို အဘဘုရားသခင်က ဒီထက်မက ကောင်းကြီးတွေ ပေးအုံးမှာဘဲလို့ ကျွန်မ ယုံကြည်စွာနဲ့ ပျောက်ဆုံးသွားတဲ့ ငွေတွေကို လုံးဝ မနှမြောတော့ဘဲ ရဲစခန်းထဲကနေ ပျော်ရွှင်စွာ ထွက်ခွာလာခဲ့ပါတော့တယ်။ သူခိုးဟာ ယောကျ်ားလား၊ မိန်းမလား ဆိုတာတော့ ကျွန်မ လုံးဝ မသိပါ။ ကျွန်မ အိတ်ကို ဘတ်စ်ကား မှတ်တိုင်က ကောက်ရသောကြောင့် တာဝန်သိစွာနဲ့ ရဲစခန်းကို ပြန်လာအပ်သောသူကိုလဲ ကျွန်မ မမြင်လိုက်ရပါ။။ ရဲစခန်းက ရဲမေတစ်ဦးက ကျွန်မ အိတ်ကို လက်ခံထားပြီး ပြန်ပေးခဲ့တာပါ။ ကောက်ရတဲ့သူက အစ္စလာမ် ဘာသာဝင်၊ ရဲစခန်းက လက်ခံပေးသူ ရဲမေက ဟိန္ဒူဘာသာဝင်၊ အိတ်ပျောက်သွားသူ ကျွန်မက ခရစ်ယာန် ဘာသာဝင်၊ အိတ်ပျောက်စဉ် စိတ်သောက ဖိစီးနေတဲ့ ကျွန်မကို လူအား ငွေအားနဲ့ စုံစမ်း အားပေးကူညီခဲ့ကြသော ကျွန်မရဲ့ သူငယ်ချင်း သုံးယောက်က ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ကြပါတယ်။ သူခိုး ဖြစ်သူကတော့ ဘာမှန်း ကျွန်မ မသိခဲ့ပါ။ အားလုံးကို သူ့သားသမီး၊ ငါ့သားသမီး မခွဲခြားဘဲ စင်ကာပူ မြေနေရာ သေးသေးလေးထဲမှာ ကြီးတဲ့အမှုကို ငယ်အောင်၊ ငယ်တဲ့ အမှုကို ပပျောက်အောင်၊ ငြိမ်းချမ်းစေခြင်းဖြင့် ဘုရားသခင်ရဲ့ ဘုန်းတော်ကို ထင်ရှားစေခဲ့ပါတယ်။

ဤအမှုအားဖြင့် မယုံကြည်သူ သူငယ်ချင်းများကိုပါ သက်သေခံခွင့်ရခဲ့တဲ့အတွက် ကျွန်မ သူခိုး အခိုးခံရလို့ ပျောက်သွားတဲ့ မြန်မာငွေ ကာလ ပေါက်စျေး သုံးသိန်းလောက်ရှိတဲ့ ကျွန်မရဲ့ ရိုးရိုးသားသား ရှာဖွေထားတဲ့ ချွေးနည်းစာလေးကို လုံးဝ မနှမြောတော့ဘဲ ကျေနပ်လိုက်ပါတယ်။ ဒီဇာတ်လမ်းမှာ အဓိက အခန်းက ပါဝင်သရုပ်ဆောင်ပေးသွားတဲ့ "သူလိုလူ" 'သူခိုး' နဲ့ ပါဝင်ကူညီသူ အားလုံးကို အထူး ကျေးဇူးတင်ရှိပါကြောင်း။ ။

**(ရေကြည်)** သစ္စာတော်သည် သင်၏ ခိုင်းလွှားဖြစ်လိမ့်မည်၊၊ ဆာလံ ၉၁း၄

---

# သူငယ်ချင်း (အေးဝင်းအောင်)

တစ်နေ့သော ညနေခင်းတွင် သူငယ်ချင်းတစ်ဦးနှင့် စာကြည့်တိုက်သို့ အသွား၊ သူငယ်ချင်းက သူ့တွင် ခရစ်ယာန် သင်းအုပ်ဆရာတစ်ဦးနှင့် တွေ့ဆုံစရာရှိကြောင်း ယခုတွင် လမ်းကြုံနေသဖြင့် ဝင်ရောက်တွေ့ချင်ကြောင်း ပြောပြီး ကျွန်တော့်ကိုပါ သူနှင့်အတူ လိုက်ခဲ့ရန် အတင်းခေါ်လေသည်။ ( သူငယ်ချင်းဟု ဆိုသော်လည်း သိပ်တော့ မရင်းနှီးလှ) မငြင်းနိုင်သည့် အဆုံး ကျွန်တော်လည်း ယက်ကန်ယက်ကန်နှင့် ပါသွားတော့သည်။ သို့သော်



သင်းအုပ် ဆရာ၏ ရုံးခန်းတွင်းသို့ လိုက် မသွားဘဲ အပြင်က ရပ်စောင့်နေခဲ့ သည်။

သူငယ်ချင်းသည် သင်းအုပ်ဆရာနှင့် ရုံးခန်းထဲတွင် စကားပြော နေစဉ် ကျွန်တော်သည် ကြီးမား ခန့်ငြားလှသော ဘုရားရှိခိုးကျောင်းဆောင် ကြီးကို လှည့်ပတ်ကြည့်ရှုနေမိသည်။ ဘုရားဝတ်ပြုဆုတောင်းခန်းရှေ့ အရောက်တွင် ခြေလှမ်းများ ရပ်တန့်သွား၍ အတွင်းသို့ ဝင်ကြည့်ချင်စိတ်များ ပေါ်လာခဲ့သည်။ ထို့ကြောင့် တံခါးအား အသာတွန်းဖွင့်၍ ဝင်ကာ ထောင့် တစ်နေရာတွင် ခေတ္တမျှ ထိုင်နေမိသည်။ ထိုသို့ ထိုင်နေစဉ် တစ်ခါမျှ မခံစားဖူး သော စိတ်၏ ငြိမ်သက်ခြင်းကို ခံစားလာရ၍ ဆက်လက်ထိုင်နေရင်း ကျွန်တော်၏ စိတ်သည် လွန်ခဲ့သော ၂နှစ်တာ ကာလအတွင်းသို့ ပြန် လည်ရောက်ရှိ သွားပါတော့သည်။

၂၀၀၅ ခုနှစ် နှစ်ဆန်းပိုင်းက အခြားသူငယ်ချင်း နှစ်ဦးနှင့်အတူ ကျွန်တော်သည် စင်ကာပူနိုင်ငံသို့ ကျောင်းတက်ရန် ရောက်ရှိလာခဲ့သည်။ ကျွန်တော်တို့ သုံးဦးစလုံးမှာ အမည်ခံ ခရစ်ယာန်များဖြစ်သောကြောင့် ဘုရားတရားရေးနှင့် ဘာသာရေးကို သိပ်အလေးအနက် မထားသော သူများဖြစ်ကြပါသည်။ ကျွန်တော်တို့ကို "ဆန်းဒေး ခရစ်ယာန်" ဟုပင် မခေါ်ထိုက်၊ ခရစ်စမတ် ပွဲတော်မှပင် ဘုရားကျောင်း သွားကြသောသူများ ဖြစ်သည်။ ထိုသို့ သွားခြင်းမှာလည်း ဘုရားဝတ်ပြုရန် မဟုတ်ဘဲ ပျော်ပွဲရွှင်ပွဲ စတိတ်ရှိုးကြည့်ရန် သွားခြင်းသာ ဖြစ်သည်။ ကျွန်တော်တို့သည် စင်ကာပူတွင် တိုက်ခန်း တစ်ခန်းငှား၍ အတူတူနေထိုင်ကြပါသည်။ ကျောင်းသွား ကျောင်းပြန် အတူ တူ၊ စာကြည့် အတူတူ ဖြစ်သလို စားသောက်ရာတွင်လဲ အတူတူဖြစ်၍ တဖြည်းဖြည်း အချိန်ကြာလာသည့်နှင့်အမျှ တစ်ဦးနှင့် တစ်ဦး ရင်းနှီးမှုများ လည်း ပိုမိုခိုင်မာလာကြသလို နေထိုင်ရသည်မှာလဲ ပိုမိုပျော်ရွှင်လာခဲ့ကြပါ သည်။

အရင် ကတည်းက ဘုရားကို ဦးစား မပေးတတ်သော ကျွန်တော်သည် ယခုအချိန်တွင် နှလုံးသားထဲ၊ ဦးနှောက်ထဲ၌ ဘုရားအတွက် နေရာလုံးဝ မရှိတော့ပေ။ ကျွန်တော်တို့ သုံးဦး အတူတူရှိနေသရွေ့ လောကကြီး သာယာ နေမည်ဟု တွေးထင်နေမိသည်။ သို့သော် ကျွန်တော်တို့ သုံးဦး ယခုကဲ့သို့ တစ်သက်လုံး နေထိုင်နိုင်ရန် မဖြစ်နိုင်သော အချက်ကို မေ့လျော့နေခဲ့ကြသည်။

သိပ်မကြာလှပါ၊ ကျွန်တော်တို့ မေ့လျော့နေခဲ့သော "ခွဲခွာခြင်း" သည် ရုတ်တရက် မမျှော်လင့်သော အချိန်၌ ကျွန်တော်တို့ ဘဝထဲသို့ ဝင်ရောက် လာခဲ့သည်။ သူငယ်ချင်းတစ်ဦး၏ အဖေ ရုတ်တရက် ဆုံးသွား၍ သူ့အိမ်မှ ဖုန်းဆက်ခေါ်သည်။ သူလဲ လုပ်စရာ ရှိသည်များကို အမြန်ဆုံးလုပ်၍ မြန်မာပြည်သို့ ပြန်သွားခဲ့သည်။ ကျွန်တော်တို့ နှစ်ဦးသာ ကျန်ခဲ့တော့သည်။ ကျွန်တော်တို့ နှစ်ဦးသည် ပြန်သွားသော သူငယ်ချင်းပြန်လာမည့်ရက်ကိုသာ စောင့်မျှော်ရင်း သူ့အကြောင်းတွေပြောကာ သတိရ လွမ်းဆွတ်နေကြသည်။

နောက်တစ်ပတ်ခန့်အကြာတွင် ကျွန်တော်နှင့်အတူ ကျန်ခဲ့သော သူငယ်ချင်း၊ စင်ကာပူတွင် ကျွန်တော်၏ တစ်ဦးတည်းသော သူငယ်ချင်းသည် အတွင်းရေး ပြဿနာ တစ်ခုပေါ်လာ၍ မြန်မာပြည်သို့ ပြန်သွားခဲ့ရပြန်ပါသည်။ သူပြန်သွားတော့ ယောကျ်ားတန်မဲ့ မျက်ရည်နှင့် မျက်ခွက်ဖြစ်ကာ ကျွန်တော်တစ်ယောက်တည်း တိုင်းတပါးတွင် အထီးကျန် ဖြစ်ခဲ့ရပါသည်။ ဘာဘဲလုပ်လုပ် သူငယ်ချင်းနှစ်ယောက်ကိုသာ မြင်ယောင်နေမိပါတော့သည်။ အထီးကျန်သူအတွက် အချိန်မှာ ကုန်ခဲလွန်းလှသည်။ ပထမ ပြန်သွားသည့် သူငယ်ချင်း ပြန်လာမည့် ရက်ကို လက်ချိုးရေတွက်၍ စောင့်နေမိသည်။ ကျွန်တော့်အတွက် မျှော်လင့်စရာ ဒီတစ်ခုဘဲ ကျန်တော့သည် ဟု ထင်နေမိသည်။ ကျောင်းတက်ချင်စိတ် မရှိတော့သလို အပြင်ကိုပင် မထွက်ချင်တော့ပေ။ အပြင်ထွက်လျှင် သူငယ်ချင်းများကို ပို၍ သတိရနေမိသည်။

မကြာပါ။ ပထမ ပြန်သွားသော သူငယ်ချင်းဆီမှ အီးမေး တစ်စောင် ရောက်လာပါသည်။ သူ စင်ကာပူမှာ ကျောင်းဆက် မတက်နိုင်တော့ပါတဲ့။ ဒါဆို သူပြန်မလာတော့ဘူးပေါ့။ ကျွန်တော့်ရဲ့ မျှော်လင့်ချက်တွေ ပျောက်ဆုံးကုန်လေပြီ။ ကျွန်တော်လဲ ဘာမှ မလုပ်ချင်တော့။ လောကကြီးကိုပင် ရင်မဆိုင်ချင်တော့ လောက်အောင် ဖြစ်သွားသည်။ အခြား သူငယ်ချင်းများနှင့်လဲ မိတ်မဖွဲ့ချင်တော့။ ဒီလိုအဖြစ်မျိုး ထပ်မံကြုံရမှာကို ကြောက်လန့်နေမိသည်။

ဤကဲ့သို့ ခြောက်သွေ့သော အထီးကျန် အဖော်မဲ့ ဘဝနှင့်ပင် ပျော်ရွှင်မှု ကင်းမဲ့စွာဖြင့် ဘဝကို ရှင်သန်လာခဲ့သည်မှာ လပေါင်း မနည်းတော့ပြီ။ ဒီနေ့မှ ပထမဦးဆုံး အကြိမ် ငြိမ်းချမ်းမှုနှင့် ပြည့်ဝသော ပျော်ရွှင်ချမ်းမြေ့စရာ အတွေ့အထိမျိုးကို ရုတ်တရက် ခံစားလိုက်မိသည်။ ကျွန်တော်စိတ် မထိန်းနိုင်တော့၊ မျက်ရည်များ အလိုအလျောက် ကျဆင်းလာလေပြီ။ စိတ်ထဲ၌ ဝမ်းသာသလိုလို၊ ဝမ်းနည်းသလိုလို ခံစားနေမိသည်။

ထိုအချိန်တွင် ကျွန်တော်၏ ပုခုံးပေါ်သို့ လက်တစ်ဖက် ကျရောက်လာသောကြောင့် မော့ကြည့်မိတော့ ကျွန်တော့်အား ဤနေရာသို့ ခေါ်ဆောင် လာသော သိပ်မရင်းနှီးသေးသည့် သူငယ်ချင်းအသစ် ဖြစ်နေသည်။ သူက ကျွန်တော့်အား ပြုံး၍ ကြည့်နေသည်။ တံခါးအပေါက်ဝ ဘက်သို့ လှမ်းကြည့်မိ တော့ သင်းအုပ်ဆရာသည် မတ်တပ်ရပ်လျက် ကျွန်တော့်အား ပြုံး၍ ကြည့်နေပြန်သည်။ သူငယ်ချင်းက သင်းအုပ်ဆရာနှင့် ကျွန်တော့်အား မိတ်ဆက်ပေး သည်။

ကျွန်တော်လဲ ကျွန်တော်၏ ခံစားချက်များကို ချုပ်တည်း မထားနိုင်သောကြောင့် သင်းအုပ်ဆရာအား ပြောပြမိသည်။ နောက်ဆုံးတွင် ဆရာက ကျွန်တော့်အား စကားလက်ဆောင် ပါးလိုက်သည်။ "သခင်ယေရှုကို မင်းရဲ့ သူငယ်ချင်း အဖြစ် လက်ခံလိုက်ပါ၊ သူ မင်းကို ဘယ်တော့မှ စွန့်ပစ်သွားမှာ မဟုတ်သလို မင်းဘယ်နေရာ ဘယ်အခြေအနေ မှာဘဲ ရှိရှိ သူဟာ မင်းနဲ့ အတူတူ၊ မင်းရဲ့ တိုင်ပင်ဖော် တိုင်ပင်ဘက် အဖြစ် အမြဲတမ်း ရှိနေလိမ့်မယ် " တဲ့။

မှန်ပါသည်။ ကျွန်တော်သည် ပျက်စီးဆုံးရှုံးနိုင်သည့် အရာတွေကိုသာ ခင်မင် တွယ်တာ မှီခိုလွန်းနေခဲ့ပြီး၊ မပျက်စီး မဆုံးရှုံးနိုင်သော၊ မပြောင်းလဲနိုင်သည့် ထာဝရ တည်ရှိနေမည့် ယေရှုခရစ်တော်၏ ချစ်ခြင်း မေတ္တာတော်ကို မေ့လျော့စွန့်ပစ် ထားခဲ့မိတာပါလား။ ကျွန်တော်၏ အိမ်အပြန် ခြေလှမ်းများသည်၊ အင်မတန်မှ ပေ့ါပါးသွက်လက်နေတော့သည်။ သခင်ခရစ်တော် ၏ ချစ်ခြင်းမေတ္တာကို သိရှိခံစား နားလည်နိုင်ကြပါစေ။ ။

**နေအားဝင်းနေအောင် ( P.O.L)**

---

## ယုံကြည်ခြင်း (မေမြောင်းမြ )

ကျွန်မရဲ့ အသက်တာမှ ယုံကြည်ခြင်းနဲ့ ပါတ်သက်လို့ အနည်းငယ်



သက်သေခံချင်ပါတယ်။ စင်ကာပူ ရောက်လာဖို့ ကျွန်မ ကိုယ့်နည်းကိုယ့်ဟန်နဲ့ အမျိုးမျိုး ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ မဖြစ်လာခဲ့ပါဘူး။ ကျွန်မဟာ ဘုရားရှင်ကို အားမကိုးခဲ့ဘူး။ ကိုယ့် ကိုယ်ကို အထင်ကြီးပြီး၊ ငွေရှိရင် ဘာမဆို ဖြစ်တယ်ဆို တဲ့ အတွေးဟာ ကျွန်မရဲ့ နှလုံး သားမှာ နေရာယူထားပါတယ်။ ဘုရားရှင်ဆီမှာ အပေါ်ယံဘဲ ဆုတောင်းခဲ့ပါတယ်။ စိတ်နှလုံးအကြွင်းမဲ့ ဆုမတောင်းခဲ့ပါ ဘူး။ တစ်နှစ်ကြာသွားခဲ့ပေမဲ့ ကျွန်မအတွက် အဖြေဘာမှ မရခဲ့ပါဘူး။ စိတ်ဓါတ် အရမ်းကျခဲ့သလို လူတွေရဲ့ မေးငေ့ါ ပြောဆိုမှုကိုလဲ ခံခဲ့ရပါတယ်။ စိတ်ထဲမှာ ဝမ်းနည်းလာသလို ဘယ်သူ့ကို အားကိုးရမလဲလို့ ကိုယ့်ကိုယ်ကို ပြန်မေးမိတယ်။ သူငယ်ချင်းတစ်ယောက်က သူ့အိမ်မှာ ကျမ်းစာ သင်ဖို့ လာခေါ်ပါတယ်။ ကျွန်မ လုံးဝမသွားချင်တဲ့အတွက် လာခေါ်တဲ့ သူ့ကို ကျွန်မ စိတ်ဆိုးမိတယ်။ စိတ်ထဲမှာလဲ သူ့ကို နေရာတကာမှာ "ဘုရား ဘုရား" လုပ်တတ်လွန်းလို့ "ဘုရားဖြစ်မဲ့ အုတ်နီခဲ" လို့ နာမည်ပေးလိုက်ပါတယ်။ ပထမတစ်ရက် မှာ ကျမ်းစာသင်နေတုံး ကျွန်မ အရမ်းအိပ်ငိုက်ပါတယ်။ ဒုတိယရက်မှာလဲ အိပ်ငိုက် ပါတယ်။ တစ်ရက်ပြီး တစ်ရက် ကျွန်မ ကျမ်းစာသင်တန်း သွားခဲ့ပါတယ်။ ဆရာက နှုတ်ကပါတ်တော်ထဲမှာ တန်ခိုး ပါတယ်လို့ပြောခဲ့ပါတယ်။ ကျွန်မ စိတ်ထဲမှာ ကျမ်းစာဆိုတာ စာအုပ်ထဲမှာ ပုံနှိပ်ထားတဲ့ ရိုးရိုးစာလုံးတွေပါ၊ ဘယ်လိုလုပ်တန်ခိုး ပါနိုင်မှာလဲလို့ ဝေဖန်ခဲ့ပါတယ်။

အဲဒီအချိန်က စပြီး ဘုရားရှင်ဟာ ကျွန်မရဲ့ အသက်တာကို ပြောင်းလဲပေးခဲ့ပါတယ်။ နှုတ်ကပါတ်တော်ကို ပိုပြီးလေ့လာလိုစိတ် အလိုလိုပေါ်လာခဲ့ပါတယ်။ နှုတ်ကပါတ် တရားတော်ကိုလဲ နားထောင်ချင်လာပါတယ်။ နှုတ်ကပါတ်တော်၌ အထူး မွေ့လျော်လာပါတယ်။ ကျမ်းစာ သင်ရတာကို လဲ စိတ်ထဲမှာ အရမ်းပျော်လာခဲ့ပါတယ်။ ကျမ်းစာသင်ပြီးလို့ အိမ်ပြန်ခါနီးကျရင် ကျွန်မ သူငယ်ချင်းရဲ့အဖေကို ကျွန်မက "အတီး (ဦးလေး) အခု ကျွန်မ လောက အရာကို အရင် မရှာတော့ဘူး၊ ဘုရားသခင်ရဲ့ နိုင်ငံတော်ကို အရင် ရှာမယ်။ နိုင်ငံတော် ရပြီးရင် ဘုရားရှင်က ကျွန်မ လိုတဲ့အရာကို ပေးမယ်ဆိုတာ ကျွန်မ အကြွင်းမဲ့ ယုံတယ်" လို့ပြောခဲ့ပါတယ်။

အဲဒီအချိန်ကစပြီး ဘုရားရှင်ကို ကျွန်မ အကြွင်းမဲ့ ဆုတောင်း အားကိုးတတ်လာပါတယ်။ ဘုရားရှင်ကလဲ ကျွန်မအတွက် လမ်းတွေ ဖွင့်ပေးခဲ့ပါတယ်။ ကျွန်မ လိုချင်တဲ့အရာအားလုံးကိုလဲ ရခဲ့ပါတယ်။ ကျွန်မလဲ ဘုရားရှင်၌ ပိုပြီး ဆက်ကပ်ခဲ့ပါတယ်။ အဲဒီအချိန်မှာ ဆရာဟာ ယုံကြည် ခြင်းနဲ့ ပါတ်သက်ပြီး ကျမ်းစာ သင်ပေးခဲ့ပါတယ်။ ရှင် လုကာ ၁၈း ၃၅– ၄၃ ကို ဖတ်ကြည့်ရင် လူကန်းတစ်ယောက်အကြောင်းကို တွေ့ရမှာဖြစ်ပါတယ်။ လူကန်းဟာ သခင်ယေရှုကို ယုံကြည်ခြင်းပါလျှက် ခေါ်တဲ့အခါ သခင်ယေရှုက သူ့ရဲ့ မျက်စိကို အလင်းပြန်မြင်စေခဲ့ပါတယ်။ ရှင်လုကာ ၁၉း၁–၁၀ ကို ဖတ်ကြည့်ရင် ဇက္ခဲ အကြောင်းကို တွေ့ရမှာဖြစ်ပါတယ်။ ဇက္ခဲဟာ ယေရှုခရစ်တော်ကို ယုံကြည်ခြင်းပါတဲ့ အကြည့်နဲ့ ကြည့်လိုက်တဲ့အခါ ဘုရားရှင်ဟာ ဇက္ခဲရဲ့ အသက်တာကို ပြောင်းလဲစေခဲ့ပါတယ်။

ကျွန်မတို့ ယုံကြည်သူ ခရစ်ယာန်တွေလဲ ဘုရားရှင်ကို ယုံကြည်ခြင်းပါတဲ့ ခေါ်သံနဲ့ ယုံကြည်ခြင်းပါတဲ့ အကြည့်နဲ့ ကြည့်မယ်ဆိုရင် ဘုရားရှင်ရဲ့ ခြေလှမ်းဟာ ရပ်သွားပြီး သင့်ဆီကို ဦးတည်လာမှာဖြစ်ပါတယ်။ ဘုရားရှင်က သူ့သားသမီးတွေ သူ့ဆီကို ကျိုးပဲ့ကြေမွတဲ့ နှလုံးသားနဲ့ သူ့ဆီလာဖို့ အလိုတော်ရှိပါတယ်။ တကယ်ဘဲ နောင်တရတဲ့ စိတ်နဲ့ ကိုယ့်ကိုယ်ကို ဘာမှ မတတ်နိုင်ဘူး၊ ဘုရားရှင်ပြင်ဆင်ပေးမှ အားလုံး အဆင်ပြေနိုင်တယ်ဆိုတဲ့ စိတ်နဲ့ ဘုရားရှင်ထံပြန်လာရင် ဘုရားရှင်ဟာ ကျွန်မတို့ကို အမြဲတမ်း လက်ကမ်း ကြိုဆိုနေမယ်ဆိုတာ ယုံကြည်ပါ။ ဘုရားရှင်ဟာ လူတွေမပေးနိုင်တဲ့အရာ၊ လူတွေ မတတ်နိုင်တဲ့ အရာတွေအားလုံးကို ပေးနိုင်တတ်နိုင်တယ် ဆိုတာ အကြွင်းမဲ့ ယုံကြည်ပါ။ ။**( May Myaung Mya )**

( ဝန်ခံချက်။ ။ အဆင်ပြေ သက်သာတဲ့ အလုပ်အကိုင်ကို ပြင်ဆင် ရှာဖွေပေးတဲ့ ဘုရားရှင်ကို ကျေးဇူးတော် ချီးမွမ်းလျှက် စင်ကာပူရောက် ဖလကျော် အမှတ်တရ )

---

## ပရဒိသုဘုံရောက် အပါးပျော်ပါစေ (အမည်မသိသူ)

ငါ့အဘ၏ အိမ်တော်၌ နေစရာ အခန်းအများရှိ၏။ သို့မဟုတ်လျှင် မဟုတ်ကြောင်းကို သင်တို့အား ငါ မပြောဘဲ မနေ၊ သင်တို့နေစရာ အရပ်ကို ပြင်ဆင်ခြင်းငှာ ငါသွားရ၏။ ယော ၁၄း၂

သနားခြင်း ကရုဏာ၏ အဘ၊ သက်သာခြင်း အမျိုးမျိုးတို့၏ အရှင် ယေရှုခရစ်တော် ပြောကြားခဲ့သော စကားလေး တစ်ခွန်းဖြစ်ပါတယ်။

နေ့ရက် နာရီ စက္ကန့်တွေ၊ နှစ်တွေ လတွေ ရာသီတွေ ဘယ်လောက်ပင် ပြောင်းလဲသွားပါစေ။ 'ပျောက်သောသူ ရှာရင်တွေ့၊ သေသောသူကြာရင်မေ့' ဆိုသော ဆိုရိုးစကားရှိပေမဲ့ သေသောသူကို ကြာလေ၊ ပိုသတိရလာတဲ့သူကတော့ ကျွန်မပါဘဲ။ ၂–၃–၂၀၀၇ တုံးက ကျွန်မရဲ့ ဖခင် ခရစ်တော်၌ အိပ်ပျော်သွားတာ ၅နှစ် ရှိခဲ့ပေမဲ့လဲ၊ သူ ပြသခဲ့တဲ့လမ်းနဲ့ သူ့ရဲ့ နှုတ်ကပါတ်တော် သွန်သင်ချက်များဟာ ကျွန်မရဲ့ နှလုံးသားထဲမှာ အမြစ်စွဲကျန်ခဲ့ပါတယ်။

ဖခင်ဟာ ကျွန်မ အတွက်သာမက သူနဲ့ ဆက်နွယ်နေတဲ့ လူတိုင်းအတွက် ကောင်းသော ပုံသက်သေနဲ့ အသက်ရှင်ပြသွားခဲ့ပါတယ်။ ကျွန်မကို ငယ်စဉ်က သမ္မာကျမ်းစာထဲက အဖြစ်အပျက်တွေကို ပြောပြခဲ့ပါတယ်။ သခင်ယေရှုဟာ အနာရောဂါ ကင်းငြိမ်းနိုင်တဲ့ အရှင်ဖြစ်ကြောင်းကိုလဲ သူ့ရဲ့ အနာနဲ့ လက်တွေ့ပြပြီး ကျွန်မကို ဆုတောင်းခိုင်းခဲ့ပါတယ်။ ညစဉ် ဝတ်ပြုချိန်မှာ ကျမ်းစာ များများဖတ်တယ်။ ကျွန်မကို ကျမ်းစာဖတ်ပြီးတိုင်း ကျမ်းစာထဲက အကြောင်းအရာတွေကို အတုယူဖွယ်၊ မှတ်သားဖွယ်၊ အားနည်းသော အချက်များကိုမေးပြီး သင်ကြားပေးရုံသာ မကဘဲ တနင်္ဂနွေ ဘုရားကျောင်း တက်ပြီးတိုင်း ဝေငှသွားတဲ့ဆရာရဲ့ အခြေပြုကျမ်းနဲ့ အခြားကျမ်းချက်များနဲ့ သာဓကများကို မေးမြန်းဆွေးနွေးပြီး သူကိုယ်တိုင်ဝေငှခဲ့ပါတယ်။ ဆန်းဒေးစကူး မတက်တဲ့ ကျွန်မအတွက် အစာရှောင် ဆုတောင်းပေးခဲ့ပါတယ်။ မိဘစကားနားထောင် တတ်အောင်နဲ့ သုတ္တံ ၂၀း၂၀ အကြင်သူသည် မိဘကို ကျိန်ဆဲ၏၊ ထိုသူ၏ မီးခွက်သည် ထူထပ်သော မှောင်မိုက်၌ သေငြိမ်းမည်။ ဆိုတဲ့ ကျမ်းချက်အတိုင်း မိဘကို ရိုသေတတ်ဖို့ သွန်သင်ခဲ့ပါတယ်။ သူဟာ ဘုရားကို ချစ်သလို ပျောက်ဆုံးသော ဝိညာဉ် များကိုလဲ ချစ်တယ်။ ကျွန်မကိုလဲ ဧဝံဂေလိ ထွက်နိုင်အောင် ဆုတောင်း ပေးသလို သူကိုယ်တိုင်လဲ ပါဝင်ခဲ့ပါတယ်။



ကျွန်မ အလုပ်လုပ်ချိန်၊ နေ့အချိန်မှာ ဘုရားကျောင်း မတက်နိုင်လို့ ည ၇နာရီ ၁၅ မိနစ်ထက်၊ ၅မိနစ် ၁၀ မိနစ်နောက်ကျရင် သူဟာ ဖခင်မေတ္တာနဲ့ ကျွန်မ ရေချိုးဖို့ ရေနွေးစပ်ပေးတယ်။ ထမင်းအဆင်သင့် ခူးခပ်ထားတဲ့အပြင် ရေဒီယိုထဲက လာတဲ့ တရားဟော ချက်ကိုပါ အဆင်သင့် ဖွင့်ပေးထားပါတယ်။ ထမင်းစားရင်းနဲ့ နှုတ်ကပါတ်တော်လေ့လာစေပါတယ်။ သူကိုယ်တိုင်လဲ ကျမ်းချက်တွေကို စာရွက်တစ်ရွက်ထဲမှာ ရေးထားပြီး အလုပ်လုပ်ရင်း မောတဲ့အခါ ခနနားပြီး အိတ်ထဲက ကျမ်းချက်တွေကို ထုတ်ပြီး ရွတ်ဖတ်ပါတယ်။ သူ့အားဖြင့် ကျွန်မ ကျမ်းပိုဒ်တော်တော်များများ ကို ရခဲ့ပါတယ်။ နှုတ်ပါတ်တော်ကို လက်ဆင့်ကမ်းတဲ့နေရာမှာလဲ ကျွန်မအလှည့် ပြီးရင် နောက်မျိုးဆက်သစ်အနေနဲ့ တူမလေးကိုလဲ ၃လ အရွယ်ကစပြီး "ယေရှု ခရစ်တော် သမီးကိုချစ်တယ်" လို့ စပြီး မိတ်ဆက်ပေးခဲ့ပါတယ်။ သူ့ကို အမြဲ ဓမ္မတေး နားထောင်စေပြီး အိပ်စေခဲ့ပါတယ်။ သူစကားပြော တတ်ချိန် ၂ နှစ်ခွဲလောက်မှာ "အသွေးတော်နှင့် ဝယ်ယူတယ်"ဆိုတဲ့ စကားရဲ့ အဓိပ္ပါယ်ကို လူတိုင်းကို မေးတတ်

ပါတယ်။ နောက်ဆုံး ကျွန်မကို မေးတယ်။ ကျွန်မက ဒီကလေးကို ကလေးလို ငါပြန်ဖြေလို့ မဖြစ်ဘူး ဆိုတာ သဘောပေါက်သွားပြီး သခင်ယေရှုခရစ်တော်ရဲ့ အသွေးတော် သွန်းခြင်းနဲ့ ကယ်တင်ခြင်းကို ပြောပြခဲ့ပါတယ်။

ကျွန်မ ဖခင်ဟာ သက်သာခြင်းအမျိုးမျိုးရဲ့ အရှင် ခရစ်တော်ရဲ့ ရင်ခွင်တော်မှာ မအိပ်ပျော်ခင် ၄ရက်အလိုမှာ ကျွန်မအတွက် နောက်ဆုံး လက်ဆောင် ကျမ်းပိုဒ်လေးတစ်ပိုဒ် လက်ဆောင်ပေးသွားပါတယ်။ အဲဒီ ကျမ်းပိုဒ်က မဿဲ ၁၂း၃၄ အချင်းမြွေဆိုး အမျိုးတို့၊ သင်တို့သည် အဆိုး ဖြစ်လျှက် ကောင်းသော စကားကို အဘယ်သို့ ပြောနိုင်မည်နည်း။ စိတ်နှလုံး အပြည့်ရှိသည် အတိုင်း နှုတ်မြွက် တတ်၏။ ဆိုတဲ့ ကျမ်းပိုဒ်ဘဲ ဖြစ်ပါတယ်။ ကျွန်မ အသက်တာရဲ့ နှလုံးသားထဲမှာ ကောင်းတာကို သိထားရင် ကောင်းတာ ပြော ထွက်သလို၊ မကောင်းတာ သိထားရင်တော့ မကောင်းတာဘဲ ပြောထွက်မယ် ဆိုတာကို ဆင်ခြင်တတ်ဖို့ သွန်သင်ပေးသွားခဲ့ပါတယ်။

ကျွန်မ ဖခင် ခေါ်တော်မူခြင်းခံရတဲ့အချိန်မှာ ကျွန်မရဲ့ တူမလေးဟာ အသက် ၃ နှစ်ကျော်ပါပြီ။ ဈာပနပြီးသွားလို့ နောက်တစ်နေ့မှာ ဖခင်ရဲ့ နာရေးမှာ ဝေခဲ့တဲ့ ယပ်တောင်ကို ကြည့်နေတုံးမှာ ယပ်တောင်ပေါ်က လက်ဝါးကပ်တိုင် အရုပ်ကိုကြည့်ပြီး "ကားတိုင်" အကြောင်းမေးခဲ့ပါတယ်။ ကျွန်မလဲ ဘုရားသခင်ရဲ့ ကျေးဇူးတော် သက်သက်ကြောင့် သူမေးခဲ့တဲ့ မေးခွန်းတွေကို ဖြေနိုင်ခဲ့ပါတယ်။ အသင်းတော်တစ်ခုက ပြုလုပ်တဲ့ နွေရာသီ ကျမ်းစာ သင်တန်းမှာ ကျွန်မ သူ့ကို ခေါ်သွားပြီး သူနဲ့ တစ်နေကုန် အချိန်ပေးပြီးနေခဲ့ပါတယ်။ သင်တန်းကာလက ၅ရက်ဖြစ်ပြီး သင်တန်းအပြီးမှာ ဆုပေးမှာကို သိထားတော့ သမီး ဆုလိုချင်လားလို့ မေးတဲ့အခါ သူက ခေါင်းညိတ်ပြခဲ့ပါတယ်။ ကျွန်မသူ့ကို ကိုယ်တိုင် ဆုတောင်းခိုင်းသလို သူ့ အပေါ်မှာလဲ လက်တင်ပြီး ဆုတောင်းပေးခဲ့ပါတယ်၊ ဘုရားသခင်ဟာ တူမလေးကို အတန်းထဲမှာ ပထမနဲ့ ကျမ်းစာပြိုင်တာ တတိယဆု ရစေခဲ့ပါတယ်။ ကျွန်မလဲ သူ့ကို လမ်းသွားရင် ကျမ်းစာ ရွတ်တဲ့ အကျင့် လုပ်ပေးခဲ့ပါတယ်။။ ကျွန်မ စင်ကာပူ လာတဲ့အချိန်မှာ တူမလေး ၇ နှစ်သမီးနဲ့ မြန်မာပြည်မှာ ကျန်နေခဲ့ပါတယ်။

ကျွန်မ လုပ်သလို ဆက်လုပ်ဖို့ ကျွန်မ အိပ်နေရင်းနဲ့ တရေးနိုးရင်တောင် ထပြီး သူ့အတွက် ဆုတောင်းပေးခဲ့ပါတယ်။ သူ့ရဲ့ ဘုရားသခင်အပေါ် ယုံကြည်ခြင်းက တစ်နေ့ ကျွန်မ မြန်မာပြည်ကို ဖုန်းခေါ်တော့ "ဒီနေ့ ကလေးများနေ့လေ၊ သမီးကို လက်ဆောင်ပေးပါ"တဲ့ ကျွန်မလဲ "အင်း" လို့ပြောပြီး လက်ဆောင် မဝယ်ပေးခဲ့ပါဘူး။ သူမျှော်ပေမဲ့ လက်ဆောင် မရတဲ့အတွက် သူကျွန်မဆီကို စာရေးလာပါတယ်။ "ဒေါ်ဒေါ်တို့ စင်ကာပူက တောင်းရင် မပေးဘူး။ ခရစ္စမတ်တုံးက ဘုရားသခင်ဆီမှာ တောင်းတာ ဘုရားသခင်က ခရစ္စမတ်သစ်ပင်ပေါ်မှာ လာချိတ်ပေးသွားတယ်။ သမီးရဲ့ မွေးနေ့အတွက် ဘုရားသခင်ဆီမှာဘဲ တောင်းတော့မယ်" တဲ့ သူ့ရဲ့ စာတစ်စောင်ဟာ ကျွန်မအတွက် အားဆေးတစ်ခွက်ပါဘဲ။


ကျွန်မရဲ့ ဖခင်သာရှိရင် နှုတ်ကပါတ်တော်နဲ့ စာတွေ ရေးအုံးမှာ ဖြစ်ပါတယ်။ ဖခင်မရှိတော့ပေမဲ့ ဘုရားသခင်ဟာ တူမလေးအားဖြင့် ကျွန်မကို သွန်သင်ခဲ့ပါတယ်။ သူရေးပေးလိုက်တဲ့ ကျမ်းပိုဒ်က ကျွန်မရင်ကို အေးမြစေခဲ့ပါတယ်။ ဖခင် ကြဲခဲ့တဲ့ မျိုးစေ့ဟာ ကျွန်မ အားဖြင့် အပင်ပေါက်ပြီး တူမလေး အားဖြင့် အသီးအပွင့်တွေကို ဝေဆာစေခဲ့ ပါတယ်။ တူမလေးဟာ ဓမ္မတေးတွေကို ငယ်စဉ် ကလေးအရွယ်ကစပြီး နယ်မှာ ပါဝင်သီဆိုနိုင်တဲ့အခွင့် ရခဲ့ပါပြီ။ ကျွန်မလဲ တူမလေးအတွက် ဆာလံ ၁ ထဲမှာပါတဲ့ မတရားသော သူတို့၏ တိုက်တွန်းခြင်းသို့ မလိုက် ဖို့နဲ့ ယေရမိ ၁၇း၇–၈ မှာပါတဲ့ ပူသောအရှိန် ရောက်ကြောင်းကို မသိဘဲ ရေရှိတဲ့ အနားမှာ အမြစ်ဖြာတဲ့ သစ်ပင်လို အသီးအပွင့်တွေ ဝေဆာစေဖို့ ဆုတောင်း ပေးရအုံး မှာပါ။

ချစ်သော စာဖတ်သူများလဲ ကိုယ့်ရင်သွေး ကလေးငယ်များကို ကရုစိုက် သွန်သင်ဖို့လိုပါတယ်။ ကလေးငယ်တွေဟာ အမိဝမ်းထဲမှာ ပဋိသန္ဓေ ယူစဉ်မှာ အပြစ်စွဲပါတဲ့အတွက် (ဆာလံ ၅၁း၅) လိမ္မာရေးခြား ရှိအောင် အမိဝမ်းထဲမှာ ရှိနေစဉ် ကတည်းက သွန်သင်ပေးထားဖို့လိုပါတယ်။ သမ္မာကျမ်းစာထဲက လုကာ ၁း၄၀–၄၂ မှာ မာရိဟာ ဧလိရှဗက် အိမ်ကို သွားပြီး နှုတ်ဆက်တဲ့အခါမှာ မာရိ ဝမ်းထဲမှာ ရှိတဲ့ သူငယ်တော် ယေရှုနဲ့ ဧလိရှဗက် ဝမ်းထဲမှာ ရှိတဲ့ နှစ်ခြင်းဆရာ ယောဟန်တို့ရဲ့ သန္ဓေသားတွေဟာ ဝမ်းမြောက်စွာနဲ့ ထခုန်တဲ့အကြောင်း ဖတ်ခဲ့ရပါတယ်။ ကျွန်မရဲ့ ဖခင်လို ကလေးငယ်များကို သွန်သင်တတ်တဲ့ လူကြီးမိဘ ဆရာသမားများ ဖြစ်နိုင်ကြပါစေ။ အခုဆိုရင် ကျွန်မနဲ့ တူမလေးရဲ့ အသက်တာအားဖြင့် သွန်သင်ပြသပေးခဲ့တဲ့ ဖခင်ကာ ပရဒိသုဘုံကနေ ပျော်နေမယ်ဆိုတာ ကျွန်မ အကြွင်းမဲ့ ယုံကြည်ပါတယ်။ ။ **( အမည်မသိသူ )**

---

## နိုင်းတူးအိုဆဲဗင်း **( Excellent )**

၉–၂–၀၇ ရက်နေ့ဟာ ကျွန်မရဲ့ Second year final exam paper ဖြေရမဲ့နေ့ဖြစ်ပါတယ်။ အဲဒီနေ့ကိုတော့ ကျွန်မ ဘဝရဲ့ အမှတ်တရ ဘဝ သင်ခန်းစာတွေ အများကြီး ရလိုက်တဲ့နေ့၊ ဘဝတစ်ခုလုံးကို ပြောင်းပြန် အလှန် ခံလိုက်ရတဲ့နေ့ အဖြစ် သတိရနေ မှာပါ။ ဒီသက်သေခံချက်ဟာ အဲဒီနေ့က အဖြစ် အပျက်ကို ရေးထားခြင်းဖြစ်ပါတယ်။ စာဖတ်သူများ ဝိညာဉ် ခွန်အား ရရှိနိုင် မယ်လို့ ယုံကြည်ပါတယ်။ အဲဒီနေ့က ဘယ်လိုနေ့မျိုးလဲ၊ ဘာဖြစ်လို့ အဲဒီနေ့ အကြောင်းကိုမှ ရေးချင် ရ တာလဲ၊ ဘာတွေဖြစ်ခဲ့လို့လဲ။ ဒီမေးခွန်းတွေ အတွက် စာမူကို ဆက်ဖတ်သွားမယ် ဆိုရင် အဖြေကို တွေ့နိုင်ပါတယ်။



အဲဒီနေ့ အကြောင်း မရေးခင် ကျွန်မ အကြောင်း နည်းနည်း ရေးပြထားချင် ပါတယ်။ ကျွန်မဟာ အချိန်ကို တန်ဖိုးထားဖို့ မေ့လျော့သူ တစ်ယောက် ဖြစ်ပါတယ်။ ဘာဘဲ လုပ်လုပ် Last minute မှာ ဖြစ် တတ်ပါတယ်။ ကျောင်းချိန်ဆိုရင်လဲ အများအားဖြင့် ၁၃ မိနစ် နောက်ကျလေ့ရှိပါတယ် (၁၅ မိနစ်က နောက်ဆုံးသတ်မှတ်ချက် ကျောင်းနောက်ကျချိန်လေ) ဘုရားကျောင်းဆိုရင်လဲ နောက်ဆုံးမှ ရောက်တတ်လွန်းလို့ ခုံနေရာ ရှာမရ ဖြစ်တတ်တဲ့ ကျွန်မပါ။ ကျမ်းစာဖတ်ရင်လဲ နောက်ဆုံးအချိန်ထိ ဆွဲပြီး ဖတ်တတ်လွန်းလို့ ကျမ်းစာအကြွေးတွေနဲ့ ပျော်ရွှင်နေတဲ့ သူတစ်ဦး ဖြစ်ခဲ့ပါတယ်။ သူငယ်ချင်းတွေနဲ့ တွေ့ဖို့ ချိန်းရင်လဲ ၁၅ မိနစ်၊ မိနစ် ၂၀လောက် နောက်ကျမှ ရောက်တတ်တဲ့ အကျင့်ရှိပါတယ်။ အဲဒီလို အချိန်ခိုးသမားကို ကိုယ်တော်က အဲဒီ ၉–၂–၀၇ နေ့မှာ ကောင်းကောင်း သင်ခန်းစာ ပေးခဲ့ပါတယ်။ ကိုယ်တော့် **Lesson** က ပြင်းလွန်းလို့ ကျွန်မ ဒီတစ်သက် မေ့နိုင်မယ် မထင်ပါဘူး။ အချိန်နဲ့ ပါတ်သက်ပြီး ကျမ်းစာထဲမှာ ကိုယ်တော် သတိပေးခဲ့တာ ရှိပါတယ် ။ ကျွန်မမှ ကရုမစိုက်ခဲ့တာကိုး။

၉–၂–၀၇ နေ့မှာ ကျွန်မ အတွက် Time Table က မနက် ၉နာရီကနေ မနက် ၁၁နာရီအထိ နောက်ဆုံး Subject ဖြေဖို့ Confirm လုပ်ထားပြီး ဖြစ်ပါတယ်။ အဲဒီနေ့ မနက် ၇နာရီ ၄၅မိနစ်မှာ ကျွန်မ ဖုန်းက အသံမြည် လာပါတယ်။ သူငယ်ချင်းရဲ့ နှိုးဖို့ ခေါ်လိုက်တဲ့ ဖုန်းဖြစ်ပါတယ်။ ( နာရီ Alarm ဆိုရင် လုံးဝ ထလေ့ မရှိပါ) နိုးလာလို့ သူငယ်ချင်းကို ကျေးဇူးတင်အပြီး မနက် ၈နာရီ (စာမေးပွဲဖြေရန် တစ်နာရီအလို) မှာ ပြန်ထရန်အတွက် ကျန်ရှိသေးသော ၁၅မိနစ်ကို ဆက်အိပ်ရန် ပျင်းရိစွာ ယတိပြတ် ဆုံးဖြတ်လိုက်ပါတယ်။ ( ဘုရားကျောင်း သွားဖို့ဆိုရင်လဲ အမြဲတမ်း နောက်ကျ မှ သွားဖို့ ဆုံးဖြတ်တတ်ပါတယ် )

အဲဒါနဲ့ ကောင်းရော ... ဘာဖြစ်သွားသလဲ။ စာဖတ်သူတို့ ခန့်မှန်းကြည့်ကြပါ။ အဖြစ်အပျက်က တကယ့်ကို မြန်တယ်။ ဆန်းတယ်။ အဲဒီ မနက်မှာ မနက် ၉နာရီထိုးမှ အိပ်ယာက နိုးလာခဲ့ပါတယ်။ နာရီကို ကြည့်လိုက်တော့ တစ်ကိုယ်လုံး မိုးကြိုးပစ်သလို ခံစားလိုက်ရတယ်။ အသက်ရှူလဲ ရပ်သွားခဲ့ပါတယ်။ အဲဒီအချိန်က စာမေးပွဲ အခန်းထဲမှာ ဖြေဖို့ ကျွန်မ ထိုင်နေရမဲ့ အချိန်လေ။ ကဲ ဘယ်လို လုပ်ကြမလဲ။ ကျွန်မ လုပ်ခဲ့တာကတော့ ၅ မိနစ်အတွင်း ဘယ်လို မျက်နှာသစ်၊ ရေချိုး၊ အဝတ်အစား လဲလိုက်မှန်း ကိုယ့်ကိုယ်ကို သတိ မထားမိလိုက်ပါဘူး။ အဲဒီနောက်မှာ လွယ်အိတ်ကို ကောက်လွယ်ပြီး ကျွန်မနေတဲ့ ၁၀ထပ်ကနေ အောက်ကို ပြေးဆင်း လာခဲ့ပါတယ်။ လူတစ်ယောက် ရှေ့မှာ လမ်းပိတ်ပြီး လျှောက်နေလို့ သူ့ကို ပိတ်တွန်းပြီး တက္ကစီ ငှားဖို့ လမ်းမပေါ်ကို ပြေးထွက်လာခဲ့ပါတယ်။

ကျေးဇူးတော်ဘဲ။ ဟော တွေ့ပြီ၊ တက္ကစီ တစ်စီး။ ဒါပေမဲ့ အဲဒီ တက္ကစီက ရပ်မပေးခဲ့ပါဘူး။ နောက်တစ်စီးကတော့ ရှေ့နားမှာ သွားရပ်ပြီး တားနေတဲ့ အန်တီ တစ်ယောက်ကို တင်သွားပါတယ်။ နောက်တစ်စီးတားလည်း မရပ်ပြန်ပါဘူး၊ ကျွန်မ စဉ်းစားတယ် ဘာဖြစ်လို့လဲပေါ့။ ကျွန်မ အချိန်မှီ သိလိုက်ရတာက ကျွန်မရပ်နေတဲ့ နေရာက စင်ကာပူ ကားလမ်း

ပေါ်မှာ Double yellow line ရှိနေတဲ့ နေရာလေ။ (စင်ကာပူ မော်တော်ယဉ် ထိန်းသိမ်းရေး ဥပဒေအရ ကားရပ်ခွင့် မရှိသော နေရာ) ကျွန်မတော့ ရှုးပြီး ကိုယ်တော်ရေလို့ စိတ်ထဲကနေ ရေရွတ်လိုက်မိပါတယ်။ ပြီးတော့ အရှုး တစ်ပိုင်းနဲ့ ပါးစပ်က ပြောချင်ရာကို တတွတ်တွတ်ပြောပြီး ကားလမ်းပေါ် လျှောက်ပြေးနေခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျွန်မ တကယ်ဘဲ ၅မိနစ်လောက် သွက်သွက်ခါအောင် ရှုးသွားခဲ့ပါတယ်။ ကျွန်မကို ရပ်မပေးဘဲ ကျော်ဖြတ်သွားတဲ့ တက္ကစီကားတွေကို ကြည့်ပြီး ကျွန်မ ငိုငိုရီရီကြီး ဖြစ်နေခဲ့ပါတယ်။ ဒါပေမဲ့ အဆုံးမှာ ကိုယ်တော်က ကျွန်မကို မေ့မသွားခဲ့ပါဘူး။

ထာဝရဘုရားသည် သင်ယုံကြည်ကိုးစားရာ ဖြစ်၍ သင်၏ခြေကို မကျော့မိစေခြင်းငှာ စောင့်မတော်မူလိမ့်မည်။ သုတ္တံ ၃း၂၆

"ဗိုး" ဆိုတဲ့ အသံနဲ့ အတူ ကယ်တင်ရှင်ကို ကိုယ်တော် လွှတ်လိုက်ပါတယ်။ ကျွန်မလဲ ငိုသံပါကြီးနဲ့ ကားဆရာကို Singapore Polytechnic ကို အမြန်ဆုံးရောက်အောင် မောင်းဖို့ပြောလိုက်ပါတယ်။ ပြီးတော့ ကျွန်မ စာမေးပွဲချိန်ကို ၁၀မိနစ် နောက်ကျနေပြီဖြစ်ကြောင်း တွေ့တဲ့ ကျောင်းရဲ့ ဝင်ပေါက်ကို အမြန်ဆုံးရောက်အောင် မောင်းဖို့ တွန်းအား ပေးလိုက်ပါတယ်။

ကျွန်မရဲ့ နီမြန်းပြီး ဇောချွေးပြန်နေတဲ့ မျက်နှာ၊ တဆတ်ဆတ်တုန်နေတဲ့ အသားကို ကြည့်ပြီး ကားဆရာ အန်ကယ်လ်လဲ မီးနီ ကို မဖြတ်ရုံ တမယ် မောင်းပေးခဲ့ပါတယ်။ Peak hour ဖြစ်နေတဲ့အတွက် မီးပွိုင့် နှစ်ခုလောက်စောင့်ရပါတယ်။ ကျေးဇူးတော်ကြောင့် သိပ်ကြာကြာ မစောင့်လိုက်ရပါဘူး။ ကားဆရာက ကျွန်မကို သူနဲ့ တွေ့တာ ကံကောင်းကြောင်း သူက အဲဒီဘက်ကိုလာဖို့ အစီအစဉ် မရှိကြောင်း Gas ဖြည့်ဖို့သာ လာကြောင်း ပြောပြပါတယ်။ ကျွန်မကတော့ သူ့ဘာသာ ဘယ်လိုကြောင့်ဘဲ လာလာ၊ ကိုယ်တော်က ကျွန်မအတွက် လွှတ်လိုက်တာဖြစ်ကြောင်း သိထားပြီးဖြစ်ပါတယ်။ ဒီလိုနဲ့ ကျောင်းကိုရောက်လာခဲ့ပါတယ်။ ကျွန်မ သူ့ကို ပေးလိုက်တဲ့ငွေဟာ သူ ကျွန်မကို ၆ဒေါ်လာ ပြန်အမ်းရမှာဖြစ်ပါတယ်။ ဒါကြောင့် သူက နှစ်ဒေါ်လာတန် တစ်ရွက်နဲ့ တစ်ဒေါ်လာ ကျပ်စေ့ လေးစေ့ ပြန်အမ်းခဲ့ပါတယ်။ ကျွန်မလဲ ပြန်အမ်းငွေကို သူ့လက်ထဲကနေ ကုတ်ဆွဲယူအပြီးမှာ လက်ထဲကို ၂ဒေါ်လာတန် တစ်ရွက်ဘဲ ပါလာခဲ့ပါတယ်။ ကျန်တဲ့ အကြွေစေ့တွေကတော့ တက္ကစီကား ကြမ်းပြင်ပေါ်ကို အသံမျိုးစုံ မြည်ပြီး ကျဆင်းကုန်ပါတယ်။ ပြန်ကောက်ချိန် မရဘဲ စာမေးပွဲခန်းထဲကို ကျွန်မ ဖနောင့်နဲ့ တင်ပါး တသားတည်းကျအောင် ပြေးခဲ့ရပါတယ်။ အတန်းထဲ အရောက်မှာ အခန်းစောင့် ဆရာရဲ့ "ကားလမ်းပိတ်လို့ နောက်ကျတာလား" ဆိုတဲ့ အမေးကို ပြန်မဖြေအားဘဲ လွယ်အိတ်ကို ပစ်ချပြီး ကျွန်မ ခုံနံပါတ်ရှိရာ စားပွဲမှာ အသက်ပြင်းစွာရှူပြီး စာမေးပွဲဝင်ဖြေခဲ့ပါတယ်။ ကျွန်မ အတန်းထဲကိုရောက်လာတဲ့ အချိန်က ၉နာရီနဲ့ ၂၀ မိနစ်ဖြစ်ပါတယ်။ စာမေးပွဲ ဥပဒေအရ မိနစ် ၃၀နောက်ကျရင် ကျွန်မ Debar အနေနဲ့ ဖြေဆိုခွင့်ရမှာ မဟုတ်ပါဘူး။ အဲဒီမနက်က ကိုယ်တော် ကျွန်မကို ကယ်ခဲ့ပါ တယ်။ နောက်ဆုံး ၅ မှတ်ဖိုးလောက် အလိုမှာ အချိန်ပြည့်သွားခဲ့ပါတယ်။ ဘယ်လိုဘဲ ဖြစ်ဖြစ် ကျွန်မ စာမေးပွဲကို ဖြေဆိုခွင့်ရလိုက်ပါတယ်။ ကျွန်မ ကောင်းစွာ ဖြေဆိုနိုင်ခဲ့ပါတယ်။ ကောင်းမွန်စွာ အောင်မြင်မယ်လို့လဲ ယုံကြည်မှု အပြည့် ရှိပါတယ်။

ကိုယ်တော်က အချိန် မလေးစားတတ်တဲ့ ကျွန်မကို ပြင်းပြင်းထန်ထန် ဆုံးမခဲ့ပေမဲ့ ဘဝတစ်ခုလုံး ပျက်စီးသွားရလောက်အောင် တော့ မလုပ်ခဲ့ပါဘူး။ မှတ်လောက်ရုံ အပြစ်ပေးခဲ့တာဖြစ်ပါတယ်။ အဲဒီ အဖြစ်အပျက်ကို ကျွန်မ အိပ်ယာကနေ ထအောင် ဖုန်းဆက်ပြီး နှိုးခဲ့တဲ့ သူငယ်ချင်းနဲ့ အခြားသူငယ်ချင်းတွေကို ပြောပြတဲ့အခါ သူတို့ မယုံကြပါဘူး။ အဲဒီနေ့က ရတဲ့ သင်ခန်းစာ ဟာ ကျွန်မအတွက် အထူးသဖြင့် အချိန် လေးစားတတ်သူ၊ လုံ့လ ဝီရိယကောင်းသူဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ စာမေးပွဲ အချိန်ကို ကျွန်မတို့ သိရှိပြီးဖြစ်ပါတယ်။ ဘုရားဝတ်ပြုချိန်ကိုလဲ သိထားကြပါတယ်။ ဒါပေမဲ့ နောက်ကျမှ ရောက်လာတတ်တဲ့ ကိုယ့်ကိုယ်ကို ဂုဏ်ယူတတ်ကြပါသလား။ နောက်ကျနေတတ်တာကို ပျော်ရွှင် တတ်ပါသလား။ အချိန်ကို တန်ဖိုးထားစေလိုပါတယ်။

ကိုယ်တော်က အချိန်ကို တန်ဖိုးထားတတ်ဖို့ ကျမ်းစာထဲမှာ သွန်သင်ခဲ့ပါတယ်။

ခနဲ အိပ်ပျော်၊ ခနဲ ပျော်၊ အိပ်ပျော်ခြင်းငှာ ခနဲ လက်ချင်း ဆိုက်လျက်နေစဉ်တွင် ဆင်းရဲခြင်းသည် ခရီးသွားသောသူ ကဲ့သို့ လည်းကောင်း၊ ဥစ္စာ ပြုန်းတီးခြင်းသည် သူရဲကဲ့သို့လည်းကောင်း ရောက်လာ လိမ့်မည်။
သုတ္တံ ၂၄ ႏ ၃၃-၃၄

ဆက်ပြီးတော့ ဝိညာဉ် ဖခင် ကိုယ်တော်က လောကရဲ့ အရာတွေ အတွက် အချိန်မှန်စွာ လုပ်ဆောင်တတ်ဖို့ လိုသလို နောက်ဆုံး ကြွလာမည့် အချိန် ( အချိန် အတိအကျ မသိရှိနိုင်သေးပါ ) ဒုတိယအကြိမ် ကြွလာချိန်ကို သတိ ဝီရိယကြီးစွာနဲ့ စောင့်နေဖို့ သတိပေးထားပါတယ်။ စာမေးပွဲ ဖြေဆိုချိန်မှာ နောက်ကျလို့ ဖြေခွင့်မရရင် စာမေးပွဲကျပြီး နောက်တစ်နှစ် ပြန်ဖြေခွင့်ရှိပါတယ်။ သူငယ်ချင်းနဲ့ ချိန်းထားလို့ နောက်ကျရင် သူ့ရဲ့ အပြုံ အဆူ ခံရရုံဘဲ ရှိပါတယ်။ ကိုယ်တော် ပြန်ကြွလာချိန်မှာ ဝိုက်မြည်း အိပ်ပျော်နေခဲ့ရင် ဒါမှမဟုတ် သတိ ဝီရိယ မရှိတဲ့ သတို့သမီး ငါးယောက် လို ကောင်းကင် တံခါးပိတ်ပြီးချိန်မှ ရောက်သွားခဲ့ရင် ... မိတ်ဆွေ စဉ်းစားပါ။ အရာရာတိုင်းမှာ သတိ ဝီရိယထားလျှက် လုပ်ဆောင် နိုင်ကြပါ စေ။

သင်တို့ အရှင်သည် အဘယ်အချိန်နာရီ၌ ရောက်လာမည်ကို သင်တို့ မသိသောကြောင့် စောင့်နေကြလော့။ သူခိုးလာမည့် အချိန်နာရီကို အိမ်ရှင် သိရလျှင် မိမိ အိမ်ကို မထွင်းမဖောက်စေခြင်းငှာ စောင့်နေလိမ့်မည်ကို သင်တို့ သိကြ၏။ ထို့ကြောင့် သင်တို့သည် ပြင်ဆင်လျှက် နေကြလော့။ အကြောင်းမူကား သင်တို့ မထင် မမှတ်သော အချိန်နာရီ၌ လူသားသည် ကြွလာလိမ့်မည် ။

မဿဲ ၂၄း ၄၂-၄၄ ။ နာမတော်မြတ်၌ – **Excellent ( Feb)**

---

## ရှောင်ရန်ဆောင်ရန်ဤနှစ်ဖြာ



"အမှောင်စု" လျှင် ရောက်ရာ ခွင် ၌ ၊ ဝါဒစဉ်းခြား ကွဲပြားငြင်းခုံ
ကိုယ်ပိုင်ဓလေ့နဲ့ လူသူရှေ့တွင် ၊ နှုတ်ဆို သမ္မာ ဥပဒေ ရှုံမက
အင်္ကီချင်း လိုက်ခြွေ သတ်ပုတ်လေတော့ ...
သူလဲ ငါလဲ အကုန်လဲ၍ သာသနာဘုန်းလဲ ညှိုးလိမ့်မည် ။
"အမှုဆောင်" လျှင် ရောက်ရာ ခွင် ၌ ၊ စရိုက်ခြားနား ကွဲပြားရှိပါစေ
မတူ ဓလေ့လဲ ရှင်တော်ရှေ့တွင် ၊ ကြားနာ သမ္မာ လက်တွေ့ပါတော့ ...
ဟောင်းရွက် ( ဇာတိ ) တို့ ကြွေ ၊ အသစ် ( ဝိညာဉ် ) ဝေစီ၍
သာသနာလမ်းသာ အောင်ကြောင်းဖြာသည်
မြတ်ဘုရား ဘုန်းလဲ တင့်လိမ့်မည် ။ ။

**( Samuel Soe Lwin )**

---

## ပြန်လာချိန်



သစ်ရွက်တွေ လေမှာ ကြွေလို့ ၊ ဥဩ ငှက်ငယ် လွမ်းတေးဆိုကာ
အဖော်မဲ့သူ ရင်မှာ ဇလောင်ဆူရင် ၊ နွေရာသီ ရောက်ပြီလို့ –
လူတကာ သတိထားကြတယ် ။
မိုးစက်တွေရယ် ပက်ဖြန်းလို့ ၊ ပန်းခရေ ရနံ့တွေ သင်းပျံ့ကာ
ချစ်သူ့ ရင်ခွင်ကြားမှာ ၊ မေ့းစက် ပျော်နေရင် –
မိုးရာသီ ရောက်ပြီလို့ ၊ လူတကာ သတိထားကြတယ် ။
နှင်းစက်တွေ ကြွေမဆဲလို့ ၊ ချမ်းအေးလို့ တုန်ရီကာ
အဝေးရောက် သူ့ကို လွမ်းနေရပြီ ဆိုရင် –
ဆောင်းရာသီ ရောက်ပြီလို့ ၊ လူတကာ သတိထားကြတယ် ။
ဒါပေမဲ့ ...
နွေရာသီမှာ မိုးသက်ပြင်း ၊ မိုးရာသီမှာ နေ လေ ညှဉ်း
ဆောင်းရာသီမှာ နှင်း ပျော်ဆင်း ၊ ရာသီတွေ ဖောက်ပြန်လွဲနေရင်
"သခင် " ပြန်လာချိန် နီးပြီ ဆိုတာလဲ –
လူတကာ သတိထားမိကြဖို့ ကောင်းပါတယ် ။ ။

**( မင်းအောင်သက်လွင် )**

---


မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်
( နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂဏ နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )
**Min Aung Thet Lwin , 4 Tuas Ave 10 , Singapore 639128.**
**E-mail; min_atl @ yahoo.com.sg**